ရက်စွဲ၊ ၂၀၂၆ခုနှစ် စက်တင်ဘာလ (၇)ရက်

# (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစု ခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင် အဖြစ် အတည်ပြုမည့်ရက် အသိပေးကြေညာခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခံစားခွင့် ရရှိ မည့် အစုရှယ်ယာရှင်များစာရင်းကို လာမည့်(၃၅) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အတည်ပြု နိုင်ရန်အတွက် **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့**ကို အစုရှယ်ယာဝယ်ယူရမည့် နောက်ဆုံးရက်(Last day to Trade) အဖြစ်သတ်မှတ်ပြီး ရန်ကုန်စတော့အိပ်ချိန်း(YSX )မှပေးပို့မည့် (၆.၁၀.၂၀၂၆)ရက်နေ့ (Record Date) ရှိ အစုရှယ်ယာရှင် စာရင်းအရ သတ်မှတ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၂)ရက်နေ့မှစတင်၍ ဝယ်ယူမည့် အစုရှယ်ယာများသည် (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစု(Dividend) များကို ခံစားခွင့်မရှိကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ(၁၈၄) အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အမှတ်(၅/၂၀၁၇) နှင့်အညီ ခွင့်ပြုချက်ရရှိမှသာ အမြတ်ဝေစုများကို ခွဲဝေပေးမည်ဖြစ်ပါသည်။

| အကြောင်းအရာ | ရက်စွဲ |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာ ဝယ်ယူရမည့် နောက်ဆုံးရက် (Last Day to Trade) | ၃၀.၉.၂၀၂၆ |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာ ဝယ်ယူသည့်ရက် (Ex-Date) | ၂.၁၀.၂၀၂၆ |
| အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) | ၆.၁၀.၂၀၂၆ |

ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်